# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၉)
## တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂)

နအဖ ရဲ့ ၂၀၀၈ ခုနှစ် နဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားအခွင့်အရေး ရှုဒေါင့်ကနေ သုံးသပ်ရရင် ပုဒ်မ (၆)မှာဖေါ်ပြထားတဲ့ အခြေခံမူတွေကနေ စရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မူခြောက်ရပ်အနက် ပြည်ထောင်စု မပြိုကွဲရေး နဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဆိုတဲ့ မူနှစ်ရပ်ဟာ တိုင်းရင်းသား အခွင့်အရေး နဲ့ တိုက်ရိုက်သက်ဆိုင်လို့ ပါဘဲ။

ဒီ မူ နှစ်ရပ်ကို အသေအချာလေ့လာကြည့်ပါ။ သာမန်အားဖြင့် ဆိုရင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဆိုတဲ့ ကိစ္စတွေဟာ ကောင်းတာတွေဘဲ လို့ ဘယ်သူမဆို မှတ်ယူကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် သည်နေရာမှာတော့ မကောင်းတဲ့ ကိစ္စတွေ ဖြစ်သွားပါတော့တယ်။ နအဖ ရဲ့ဖွဲ့စည်းပုံထဲမှာ အဲသလို ထည့်သွင်း ပြဋ္ဌာန်းလိုက်တာဟာ တိုင်းရင်းသားတွေ အတွက်သာမက တတိုင်းပြည်လုံးအတွက်ပါ မကောင်းတာတွေ ဖြစ်လာတော့မယ်လို့ နိမိတ်ဖတ်လိုက်ရာရောက်ပါတယ်။ ဘာကြောင့်လဲ ဆိုတာ တင်ပြပါရစေ။

ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ရေးဆွဲကြတဲ့ နေရာမှာ ယေဘုယျလက်ခံကျင့်သုံးကြတဲ့ စံထားချက် တွေ ရှိပါတယ်။ အဲဒီ အထဲက တရပ်ကတော့ ဖွဲ့စည်းပုံမှာ ပြဋ္ဌာန်းပါရှိတဲ့ စကားလုံးတွေဟာ တတ်နိုင်သမျှ မင်္ဂလာရှိဘို့နဲ့ အမင်္ဂလာစကားလုံး အသုံးအနှုံးတွေကို မသုံးစွဲမိအောင် သတိထားဘို့ပါ။ ပြိုကွဲ တယ်ဆိုတဲ့ အသုံးအနှုန်းဟာ အမင်္ဂလာဖြစ်ပြီးတော့ တည်ဆောက်တယ် တယ်ဆိုတဲ့ အသုံးအနှုန်းဟာ မင်္ဂလာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် နအဖ ဟာ မင်္ဂလာရှိတဲ့ အခြေခံ၊ အပြုသဘောရှုဒေါင့် ကနေ ပြည်ထောင်စု တည်ဆောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေး ရယ်လို့ ဘာကြောင့် မသုံးနှုန်းတာလဲ။ အမင်္ဂလာအခြေခံ၊ အပျက် သဘော ရှုဒေါင့်ကနေ ပြည်ထောင်စု မပြိုကွဲ ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ရယ်လို့ ဘာကြောင့်သုံးနှုန်းထားတာလဲ။ ဒါဟာ ရှောင်တခင် ဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ စီစဉ်တကျ လုပ်ကြံပြီး ထည့်သွင်း ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီ လုပ်ကြံပြဋ္ဌာန်းထားချက်ရဲ့ နောက်ကွယ်မှာရှိတဲ့ မြှုပ်ထားတဲ့ ရည်ရွယ်ချက် ကို ရှာဖွေ ကြည့်ဘို့လိုပါလိမ့်မယ်။

တကယ်တော့ မြန်မာနိုင်ငံအတွင်းက လူထုအများစုကြီးဟာ ထမင်းလုံး တစ္ဆေခြောက်ခံထားရတဲ့ ဘဝကို ရောက်နေကြရသလိုပါဘဲ။ ပြည်ထောင်စုပြိုကွဲတော့မယ်လို့ များ ခြိမ်းခြောက်ခံလိုက်ရရင် အစီစိကို အရှင်လတ်လတ် ရောက်ရတော့မယ့် ပုဂ္ဂိုလ်လို ထိတ်လန့်ခြောက်ခြားသွားပါတော့တယ်။တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲနေပြီ ဆိုတဲ့ အသံကို ကြားလိုက်ရရင် ဝမ်းနည်းလို့မဆုံးကြတော့ပါဘူး။ လူထုတွေရဲ့သည်အားနည်းချက်ကို သွားလေသူ အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက စတင် အသုံးချခဲ့တာပါ။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းခဲ့စဉ်တုံးက အဓိက အကြောင်းပြချက်ဟာအဲသည်အချက်ဘဲဖြစ်ပါတယ်။ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် တပ်မတော်က ထိမ်းသိမ်း ကာကွယ် စေါင့်ရှောက် နိုင်ဘို့အာဏာသိမ်းလိုက်ရတာ ဖြစ်တယ် ဆိုတဲ့ အချက်ကို ထိုစဉ်တုံးက အကြိမ်ပေါင်း များစွာ လူထုကို ရှင်းပြခဲ့တယ်။ မင်္ဂလာမရှိတဲ့ စကားလုံးကို အာဏာသိမ်းအကြောင်းပြချက် အနေနဲ့သုံးစွဲခဲ့တာ ဖြစ်တယ်။ ပြည်ထောင်စုကြီး ချောက်ထဲကျခါနီး လက်တကမ်းအလို ဆိုတဲ့ စကားလုံးကိုတောင် သုံးခဲ့ပါသေး တယ်။ ပိုပြီး မင်္ဂလာမရှိတဲ့ စကားလုံး ပါဘဲ။

မင်္ဂလာရှိတဲ့ စကားလုံးကို သုံးရင် မင်္ဂလာရှိတဲ့ အလုပ်တွေကို လုပ်ကြရမှာပါ။ ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ စကားလုံးကိုသုံးရင် ပြည်ထောင်စုအတွင်းမှာနေထိုင်ကြတဲ့ မတူတဲ့တိုင်းရင်းသားတွေကို တန်းတူ အခွင့်အရေး ပေးကြရမှာ ဖြစ်တယ်။ ဒါပေမယ့် နအဖမှာ တိုင်းရင်းသားတွေကို သာမက ဘယ်သူ့ကိုမှ တန်းတူအခွင့် အရေး ပေးဘို့ သဘောထားမရှိပါဘူး။ ဒါကြောင့် တိုင်းရင်းသားတွေကို တန်းတူ အခွင့်အရေး ပေးရေးဆိုတဲ့ မင်္ဂလာရှိတဲ့ စကားလုံးကို နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှာလို့မတွေ့နိုင်ရတာ ပါဘဲ။

ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့ မင်္ဂလာမရှိတဲ့ စကားလုံးကို သုံးတာဟာ မင်္ဂလာမရှိတဲ့ အလုပ်ကို လုပ်ခွင့်ရအောင်လို့ ဖြစ်ပါတယ်။ အတိအကျပြောရရင် ပြည်ထောင်စု မပြိုကွဲရေး ဆိုတဲ့ အကြောင်းပြချက်ကို သုံးပြီး စစ်ခေါင်းဆောင်တွေ အာဏာသက်ဆိုးရှည်ရေးအတွက် ဖိနှိပ်မှုမှန်သမျှကို တရားဝင်အောင် လုပ်ခြင်လို့ ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး အတွက် လုပ်တဲ့ ဖိနှိပ်မှု အားလုံးဟာ တရားဝင်တယ် ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဖန်တည်း ခြင်လို့ ဖြစ်ပါတယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုတည်ဆောက်ရေး ဆိုတဲ့ မင်္ဂလာရှိတဲ့ စကားလုံးကို သုံးရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အညီ တိုင်းရင်းသားတွေကိုကိုယ်ပိုင်ပြဌာန်းခွင့် ပေးကြရမှာ ဖြစ်ပါတယ်။ ဒါကို လိုခြင်တဲ့ အတွက်လဲ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ အစည်းအမြောက်အများဟာ နှစ်ပေါင်းများစွာလက်နက်ကိုင် တိုက်ပွဲဆင်နွှဲခဲ့ကြ တာ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေကို ကိုယ်ပိုင်ပြဌာန်းခွင့် မပေးဘဲ တရားဝင် ဖိနှိပ်ခွင့် ရအောင်လို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ရယ်လို့ နအဖ ကသုံးနှုန်းထားတာပါဘဲ။ ဒါကြောင့် နအဖ ရဲ့ နာဂစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အတည်ပြု ကျင့်သုံးလို့ကတော့ တိုင်းရင်းသားတွေ အပေါ် တရားဝင် ဖိနှိပ်မှုကို လက်ခံလိုက် တာနဲ့ အတူတူ ဖြစ်သွားပါလိမ့်မယ်။

ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပြီး ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်း တွေ လုပ်ဘို့ ကြိုးစားသွားခဲ့တဲ့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးဆေထင်ကို ပြစ်ဒဏ်အဖြစ် စုစုပေါင်း ထောင်ဒဏ် ၁၀၆ နှစ် ချထားတာကို သာဓက အနေနဲ့ သုံးသပ်သင့်ပါတယ်။ ရန်ကုန် တိုင်းတရားရုံး(ခုံရုံး)ရဲ့ ၂၀၀၅ ခုနှစ်ပြစ်မှုကြီး အမှု အမှတ် ၂၃၅ အရ ချမှတ်ခဲ့တဲ့ စီရင်ချက်ထဲမှာ ပြစ်ဒဏ်ချမှတ်ရတဲ့ အကြောင်းပြချက် အနေနဲ့ ရေး ထား တာကို အောက်ပါ အတိုင်း လေ့လာကြည့်ပါ။

> ရှမ်းပြည်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကိုယ့်ကြမ္မာကိုယ်ဖန်တည်းခွင့်ရရှိရေး၊ ရှမ်းပြည်အတွင်း မှီတင်း နေထိုင်သော မျိုးနွယ်စု အသီးသီးသည်လည်း မိမိတို့ယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးတမ်းများအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်းခွင့်ရရှိရေးတို့မှာ ရှမ်းပြည်အတွင်းမှီတင်းနေထိုင်ကြသော မျိုးနွယ်စုများ အားလုံးတို့၏ အဓိက ရည်မှန်းချက်ဖြစ်သည်ဟု လေးလေးနက်နက် လက်ခံ ယုံကြည်ထားသည် ဟု ဖေါ်ပြ ထားကြောင်း။
>
> ဦးဆေထင်က လိပ်ခဲတင်းလင်းဖြစ်နေသော နိုင်ငံရေး အခြေအနေကို ဘယ်လိုထိုးဖေါက်ကြမလဲ ဆိုပြီး ဆွေးနွေးရင်း အတိုင်ပင်ခံကောင်စီ ဖြစ်ပေါ်လာကြောင်း၊ တနိုင်ငံလုံး ဖြစ်ပေါ်လာလျှင် မြန်မာတပြည်လုံး တောင့်တနေသည့် တန်းတူဒီမိုကရေစီ အပြည့်အဝရှိသော ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု မြော် လင့်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှမ်းပြည် အနေနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်းခွင့် ရဘို့ တောင်းဆို တာဟာ ရာဇဝတ်ပြစ်မှုလား။ ရှမ်းပြည်အတွင်း မှီတင်း နေထိုင်ကြတဲ့ မျိုးနွယ်စု အသီးသီးအနေနဲ့ မိမိတို့ယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးတမ်းတွေအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်းခွင့်ရဘို့ လှုပ်ရှားတာဟာ ရော ရာဇဝတ်ပြစ်မှု ဖြစ်သလား။ တန်းတူ ဒီမိုကရေစီ အပြည့်အဝရှိတဲ့၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ နိုင်ငံတော်ကို တည်ဆောက် ဘို့ ကြိုးစားတာဟာ ရာဇဝတ်ပြစ်မှုကြီးလား။

တကယ်တော့ ဒါတွေဟာ မွန်မြတ်တဲ့နိုင်ငံရေးရည်ရွယ်ချက်တွေ အသေအချာဖြစ်ပါတယ်။ ဒီလို မွန်မြတ်တဲ့ ရည်ရွယ် ချက်တွေကိုင်စွဲပြီး ဘာတခုမှ အကြမ်းမဘက်ဘဲ နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့သူကတော့ ရှမ်းအမျိုးသား ခေါင်းဆောင် ဦးဆေထင်ပါ။ သူ့ကို နအဖက **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု** အပါအဝင် ပုဒ်မအမျိုးမျိုး တပ်ပြီး နှစ်ပေါင်းရာနဲ့ ချီတဲ့ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခဲ့တာပါ။ မြန်မာနိုင်ငံ တရားစီရင်ရေးသမိုင်းမှာ တခါမှ မရှိခဲ့ဘူး

လောက်အောင်ကြီးမားတဲ့ ပြစ်ဒဏ်ကြီးချမှတ်ခံခဲ့ရတဲ့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးခေတထင် လုပ်ဆောင်ခဲ့တာကတော့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဘို့ ကြိုးစားတာသာ ဖြစ် ပါတယ်။

ထိုင်းနိုင်ငံမှာ ထိုင်းအစိုးရရဲ့ဌာနချုပ်ရုံးအဆောက်အအုံကို ရက်ပေါင်းတရာကျော် အဆက်မပြတ်သိမ်းယူပြီး လူထုဆန္ဒ ပြပွဲကြီး တခုကို ဦးဆောင်ဆင်နွှဲနေဆဲဖြစ်တဲ့ ချမ်းမလောင်းအပါအဝင် အဓိကခေါင်းဆောင်ကိုးဦးအပေါ် ဝန်ကြီးချုပ်ဟောင်းဆမတ်က **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု**နဲ့ အရေးယူတရားစွဲဆိုခဲ့ပါတယ်။ ဒီ ခေါင်းဆောင်ကိုးဦးရဲ့ လုပ်ဆောင်ချက်ဟာ အခြားပြစ်မှုငယ် တရပ်ရပ်ကို ကျူးလွန်ကောင်း ကျူးလွန်ရာရောက်မယ်၊ **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု** ကိုတော့ ကျူးလွန်ရာမရောက်ဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ ထိုင်းနိုင်ငံတရားရုံးချုပ်ကနေ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကတင် အဲဒီ စွဲချက်ကို ဖယ်ရှားပြီး လွှတ်ပစ်လိုက်ပါပြီ။

မြန်မာနိုင်ငံမှာတော့ ဦးခေတထင်အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင် ရှစ်ဦးဟာ နအဖ စစ်အစိုးရရဲ့ဘယ်ဌာနချုပ်ရုံးကိုမှ ဝင်ရောက်စီးနင်း သိမ်းပိုက်ခြင်းမပြုဘဲ သူ့ဖာသာသူ ရှမ်းပြည်တနေရာမှာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဘို့ ကြိုးစားရုံနဲ့ **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု** အပါအဝင် ပြစ်မှု အမျိုးမျိုးနဲ့ စွပ်စွဲ အပြစ်ပေးခံရပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံနေရပါပြီ။ ဒီ မှုခင်းကြီးနဲ့ ဆက်စပ်ပြီး ဝန်ကြီးချုပ်ဟောင်း ဦးနုရေးသားခဲ့တဲ့ စါအုပ်တအုပ် ရဲ့ နံမည်ကို သတိရမိပါတယ်။ ရက်စက်ပါပေ့ကွယ် ဆိုတဲ့ စါအုပ်ပါဘဲ။ ရက်ရက်စက်စက် ပြစ်ဒဏ်ကြီးတွေ ချမှတ်ခံရတဲ့ ရှမ်းအမျိုးသားခေါင်းဆောင်ကြီးတွေဟာ ထောင်ထဲမှာ ဒုက္ခဆင်းရဲ အမျိုးမျိုးခံစားနေကြရရှာပါပြီ။

ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုင်းရင်းသားတွေကို တန်းတူအခွင့်အရေး နဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် ပေးရမယ် ဆိုတဲ့ ပြဌာန်းချက် ပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်သာ တိုင်းပြည်မှာရှိခဲ့ရင် ဦးဆေးထင် အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင်တွေရဲ့ အကြမ်းမဘက်တဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ဘာပြစ်မှုမှ တပ်လို့ရမှာ မဟုတ်ပါဘူး။ နှစ်ပေါင်းတရာကျော် ပြစ်ဒဏ်ကြီးတွေ ချမှတ်ခံရဘို့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ပြဌာန်း ချက်တွေ အောက်မှာတော့ ဒီ အခြေအနေဆက်ရှိရုံမက ပိုပြီး ဆိုးဝါးလာမှာ သေချာသလောက်ပါဘဲ။ နောင်ကို စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်မယ့် တိုင်းရင်းသားခေါင်းဆောင်တွေ အနေနဲ့ သုံးဆတိုးပြီး နှစ်ပေါင်း သုံးရာကျော်ပြစ်ဒဏ် ကျခံရနိုင်ဘွယ် ရှိလာပါတယ်။

ဒီလို အခြေအနေတွေ ကြားကနေ၊ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းရာမှာ ပူးပေါင်းကြံစည်တဲ့ အနေနဲ့ နိုင်ငံရေးပါတီထောင်၊ ရွေးကောက်ပွဲဝင်ဘို့ ပြင်ဆင်နေကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေကိုတော့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ လေသံနဲ့ ဆိုရင် အံ့သြပါပေ့ကွယ် လို့ သာ သုံးသပ်ရမှာ ဖြစ်တဲ့ အကြောင်း တင်ပြရင်း နိဂုံးချုပ် ပါရစေ။